


## လီဆန်ဒရိုမာတီနက်ဇ် ကြွက်သားဒဏ်ရာမှသက်သာလာခဲ့ပြီဖြစ်



**လန်ဒန် ဇူလိုင် ၁၀**

မန်ယူအသင်းနှင့် အာဂျင်တီးနားအသင်း နောက်ခံကစားသမား လီဆန်ဒရိုမာတီနက်ဇ် ကြွက်သားဒဏ်ရာမှ သက်သာလာခဲ့ပြီဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် အာဂျင်တီးနားအသင်းနှင့်အတူ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား လီဆန်ဒရိုမာတီနက်ဇ် ဒဏ်ရာမှ ပြန်လည်သက်သာလာခြင်းကြောင့် ကလပ်အသင်းဖြစ်သည့် မန်ယူအသင်းအတွက်လည်း အားတက်စရာဖြစ်လာခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် မန်ယူအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၁၁၀ကစားပြီး သုံးဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

မန်ယူအသင်းသည် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအစပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၂၂ရက်တွင် ဟားလ်စီးတီးအသင်းနှင့် စတင်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အပေါ်ဝဲပုံ) (NGB)**

## အက်သလက်တီကိုမက်ဒရစ်အသင်းက ဂီတာဖေးအသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**မက်ဒရစ် ဇူလိုင် ၁၀**

ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ဂီတာဖေးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အက်သလက်တီကိုမက်ဒရစ်အသင်းက ဂီတာဖေးအသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၅မိနစ်နှင့် ၃၅မိနစ်တွင် လွတ်ခ်မန်း၊ ပွဲချိန် ၅၅မိနစ်တွင် အော်တစ်ဇ်၊ ပွဲချိန် မိနစ် ၉၀တွင် ဗားဂတ်စ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းသည် ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၁ရက်တွင် မန်ယူအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(အောက်ပုံ) (NGB)**





## 2026 Polish Open တင်းနစ်ပြိုင်ပွဲ ဩဂုတ် ၃ရက်တွင် စတင်မည်

**လန်ဒန် ဇူလိုင် ၁၀**

ပိုလန်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Polish Open တင်းနစ်ပြိုင်ပွဲကို လာမည့် ဩဂုတ် ၃ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Polish Open တင်းနစ်ပြိုင်ပွဲကို ဩဂုတ် ၃ရက်မှ ၉ရက်အထိ ၇ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Polish Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

Polish Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ ချက်တင်းနစ်မယ် Katerina Siniakova ဖြစ်သည်။ **(အပေါ်ပုံ)(NGB)**

## နျူအာ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအကုန်တွင် ကစားသမားဘဝမှအနားယူမည်



**မြူးနစ် ဇူလိုင် ၁၀**

ဘိုင်ယန်မြူးနစ်အသင်း ဂိုးသမား နျူအာက မိမိအနေဖြင့် ယခုနှစ် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအကုန်တွင် ဘောလုံးကစားသမားဘဝမှ အနားယူမည်ဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

အဆိုပါ ဂိုးသမားသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၁၁-၂၀၁၂မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲပေါင်း ၅၉၈ပွဲကစားကာ အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့သလို၊ ဆုဖလားပေါင်းများစွာလည်း ရယူနိုင်ခဲ့သည်။

အသက်(၄၀)နှစ်အရွယ်ရှိ ဂိုးသမား နျူအာက "ကျွန်တော် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအကုန်တွင် ဘောလုံးကစားသမားဘဝမှ အနားယူတော့မှာပါ။ အနားမယူခင်အချိန်လေးမှာလည်း ဆုဖလားတွေ ရယူသွားချင်ပါသေးတယ်။ ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်များစွာကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ **(အပေါ်ဝဲပုံ) (NGB)**

## လီယိုဆော်ယာကို စတုဂတ်အသင်း ခေါ်ယူ

**မြူးနစ် ဇူလိုင် ၁၀**

ဘွန်ဒက်လီဂါကလပ် စတုဂတ်အသင်းသည် ဖီယင်နအသင်း တောင်ပံကစားသမား လီယိုဆော်ယာကို ငါးနှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၀)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် စတုဂတ်အသင်းတွင် ကျောနံပါတ် ၄၄ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

တောင်ပံကစားသမား လီယိုဆော်ယာသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဖီယင်နအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၉ပွဲကစားပြီး လေးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့သလို၊ အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် စတုဂတ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

စတုဂတ်အသင်းသည် လက်ရှိ စျေးကွက်အတွင်းတွင် ကစားသမား ငါးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

**(အောက်ပုံ) (NGB)**



## ယန်အော်ရယ်ဘစ်ဆက် အင်တာမီလန်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မီလန် ဇူလိုင် ၁၀**

အင်တာမီလန်အသင်းသည် အသင်းနောက်ခံကစားသမား ယန်အော်ရယ်ဘစ်ဆက်ကို ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အင်တာမီလန်အသင်းနှင့်အတူ ၂၀၂၃-



၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၃ပွဲကစားပြီး ရှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အင်တာမီလန်အသင်းထုတ်ပြန်ချက်တွင် "ယန်အော်ရယ်ဘစ်ဆက်ကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ သူဟာအသင်းအတွက်ကစားသမားကောင်းတစ်ယောက်ပါ"ဟု ထုတ်ပြန်သည်။

**(ဝဲပုံ) (NGB)**

## ဘောလုံးသတင်းအတိုအထွာများ

* ဆဲလ်တစ်အသင်းသည် နော်ဝေကလပ် ဘိုဒိုဂလင့် အသင်း တိုက်စစ်မှူး ကက်စပါဟော့ဂ်ကို လေးနှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့သည်။

* အဲဗာတန်အသင်းသည် အသင်းတောင်ပံကစားသမား အီလီမန်အန်ဒီယာယီ၏ ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၇၀အဖြစ် သတ်မှတ်လိုက်ပြီဖြစ်သည်။

* လီဗာပူးအသင်းသည် ပီအက်စ်ဂျီအသင်း တိုက်စစ်မှူး ဘာကိုလာကို ယူရို သန်း ၁၅၀ဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

**(NGB)**




## နိုအီဘီဂျာရာနို ရီးရဲလ်မက်ဒရစ်အမျိုးသမီးအသင်းနှင့် ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆို

**မက်ဒရစ် ဇူလိုင် ၁၀**

ရီးရဲလ်မက်ဒရစ်အမျိုးသမီးအသင်းသည် အသင်းလူငယ် နောက်ခံကစားသမား နိုအီဘီဂျာရာနိုကို ၂၀၃၀ ပြည့်နှစ်အထိ ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ **(ဝဲပုံ)**

အဆိုပါ နောက်ခံကစားသမားသည် ရီးရဲလ်မက်ဒရစ်အမျိုးသမီးလူငယ်အသင်းနှင့်အတူ ခြေစွမ်းပြနိုင်ခဲ့သည့်အပြင် အနာဂတ်တွင်ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် အသင်းက ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၀)နှစ်အရွယ်ရှိ နိုအီဘီဂျာရာနိုက "ကျွန်မ အသင်းနဲ့ ပရော်ဖက်ရှင်နယ် စာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ လာမည့် ဘောလုံးရာသီသစ်မှာလည်း ပုံမှန်ပွဲထွက်ခွင့်ရအောင် အစွမ်းကုန်ကြိုးစားသွားမှာပါ။ အသင်းနဲ့အတူ ချန်ပီယံဆုတွေလည်း ရယူသွားလိုပါတယ်"ဟု ပြောသည်။ **(NGB)**

## ဟန်ဒါဆန် ဘရန့်ဖို့ဒ်အသင်းနှင့် နှစ်ဦးသဘောတူ လမ်းခွဲ

**လန်ဒန် ဇူလိုင် ၁၀**

ဝါရင့် ကွင်းလယ်ကစားသမား ဟန်ဒါဆန်သည် ဘရန့်ဖို့ဒ်အသင်းနှင့် နှစ်ဦးသဘောတူ လမ်းခွဲလိုက်ပြီဖြစ်သည်။

ဘရန့်ဖို့ဒ်အသင်းနှင့် လမ်းခွဲခဲ့သည့် ကွင်းလယ်ကစားသမား ဟန်ဒါဆန်ကို လက်ရှိအချိန်တွင် ချဲလ်ဆီးအသင်းအပါအဝင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၃၆)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဟန်ဒါဆန်သည် အသက်အရွယ်ပိုင်းအားဖြင့် ရရှိနေပြီဖြစ်သော်လည်း ပြီးခဲ့သည့် ဘောလုံးရာသီက ဘရန့်ဖို့ဒ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၄ပွဲ ကစားပြီး တစ်ဂိုးသွင်းယူကာ ခြေစွမ်းပြထားနိုင်ခြင်းကြောင့် ချဲလ်ဆီးအသင်းအပါအဝင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ထို့ကြောင့် ဟန်ဒါဆန်ကို လာမည့် ဘောလုံးရာသီသစ်တွင် မည်သည့်အသင်း ကစားသမားသစ်အဖြစ် မြင်တွေ့သွားရမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(ယာပုံ) (NGB)**



# သန့်စင်သောစွမ်းအင်အတွက် ဟိုက်ဒရိုဂျင်ကွန်ရက်

ဥရောပ၏ စွမ်းအင်ကဏ္ဍ အသွင်ကူးပြောင်းမှုအတွက် သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ဂျာမနီနိုင်ငံသည် သဘာဝဓာတ်ငွေ့ (Natural Gas)နေရာတွင် အစားထိုးအသုံးပြုရန်နှင့် ဥရောပတစ်ခွင်လုံးကို သန့်စင်သည့်စွမ်းအင် ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍ အလွန်ကြီးမားသော အစိမ်းရောင်ဟိုက်ဒရိုဂျင်(Green Hydrogen) ပိုက်လိုင်းကွန်ရက်ကြီးကို စတင်တည်ဆောက်နေပြီဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ စီမံကိန်းကြီးကို လာမည့် ၂၀၃၂ ခုနှစ်တွင် အပြီးသတ်ရန် ရည်မှန်းထားပြီး၊ ၎င်းသည် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးနှင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးအတွက် ဥရောပသမဂ္ဂ၏ အဓိကခြေလှမ်းတစ်ခုလည်း ဖြစ်သည်။

**စီမံကိန်း၏ အဓိကရည်ရွယ်ချက်များ**

**(၁) သဘာဝဓာတ်ငွေ့ အစားထိုးခြင်း**

လက်ရှိအသုံးပြုနေသော ရုပ်ကြွင်းလောင်စာများနှင့် သဘာဝဓာတ်ငွေ့များနေရာတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသည့် အစိမ်းရောင်ဟိုက်ဒရိုဂျင်ဖြင့် အစားထိုးမည်ဖြစ်သည်။

**(၂) ဥရောပအဆင့် ပံ့ပိုးမှု**

ဂျာမနီနိုင်ငံတွင်းသာမက ဥရောပတစ်ခုလုံးရှိ စက်မှုလုပ်ငန်းများနှင့် စွမ်းအင်ကွန်ရက်များသို့ သန့်စင်စွမ်းအင် ဖြန့်ဖြူးပေးဝေသွားမည် ဖြစ်သည်။

**(၃)ကာဗွန်ကင်းစင်ရေး ပန်းတိုင်**

၂၀၃၂ ခုနှစ် ရည်မှန်းချက်သည် ဥရောပကို ကာဗွန်ကင်းစင်သော ခေတ်(Clean Energy Era) ဖြစ်လာစေရန် အရှိန်အဟုန်မြှင့်တင်ပေးမည်ဖြစ်သည်။

အစိမ်းရောင် ဟိုက်ဒရိုဂျင် (Green Hydrogen) ဆိုသည်မှာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်(ဥပမာ-လေစွမ်းအင်၊ နေရောင်ခြည်စွမ်းအင်)ကို အသုံးပြု၍ ရေကို လျှပ်စစ်ခွဲခြားခြင်းနည်းစနစ်ဖြင့် ထုတ်လုပ်သောကြောင့် ကာဗွန်လုံးဝမထွက်ရှိသည့် အနာဂတ်၏ အသန့်စင်ဆုံး စွမ်းအင်အရင်းအမြစ်တစ်ခု ဖြစ်သည်။

လက်ရှိတွင် ဂျာမနီနိုင်ငံရေးခေါင်းဆောင်များနှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ ကျွမ်းကျင်သူများက ဤအခြေခံအဆောက်အအုံတည်ဆောက်ရေးအတွက် နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုပိုင်ဆိုင်ရာများကို အနီးကပ်ကြီးကြပ်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ ဟိုက်ဒရိုဂျင်တွင် နျူထရွန်မပါဝင်သဖြင့် ထူးခြားပြီး အလွန်ပေါ့ပါးစေသည်။ ၎င်း၏ရိုးရှင်းသောဖွဲ့စည်းပုံကြောင့် ဟိုက်ဒရိုဂျင်သည် လွန်ခဲ့သောနှစ်ပေါင်း ၁၃ ဒသမ ၈ ဘီလီယံနီးပါးက Big Bang ဖြစ်ပေါ်ခဲ့ပြီးနောက် ဖွဲ့စည်းတည်ဆောက်ခဲ့သော ပထမဆုံးဒြပ်စင်လည်းဖြစ်သည်။

> Atomic ဟိုက်ဒရိုဂျင်သည် သာမန်အပူချိန်မှာပင် စွမ်းအားကောင်းသော ဓာတ်လျှော့ပစ္စည်းဖြစ်သည်။ သာမန်အပူချိန် သာမန်အခြေအနေတွင် နေးကွေးသော်လည်း ဓာတ်ကူပစ္စည်း အကူအညီ(ဥပမာ- platinum, or anelectric spark တစ်ခုခုဖြင့် ဓာတ်ပြုမှုအရှိန်ကို မြှင့်တင်လျှင် ပြင်းထန်သည့်ပေါက်ကွဲမှုမျိုး (သို့) စွမ်းအင်ကို ဖြစ်ပေါ်စေသည်။

အခန်းအပူချိန်တွင် ဟိုက်ဒရိုဂျင်သည် အရောင်မဲ့၊ အနံ့မရှိ၊ အရသာမရှိ၊ မီးလောင်လွယ်သောဓာတ်ငွေ့ဖြစ်သည်။ ဓာတ်ငွေ့ကို သေးငယ်သော မော်လီကျူးများဖြင့် ဖွဲ့စည်းထားပြီး တစ်ခုစီတွင် ဟိုက်ဒရိုဂျင်အက်တမ် (Hz) နှစ်ခု ပေါင်းစပ်ထားသည်။ ဟိုက်ဒရိုဂျင်သည် လေထက်များစွာ ပေါ့ပါးသောကြောင့် ၎င်းသည် လျင်မြန်စွာ မြင့်တက်လာပြီး အာကာသထဲသို့ပင် လွတ်မြောက်သွားနိုင်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကမ္ဘာ့လေထုထဲတွင် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ အမြောက်အမြားကို မတွေ့ရှိရတော့ပါ။ ထိုအစား ဟိုက်ဒရိုဂျင်ကို အခြားဒြပ်စင်များနှင့် ပေါင်းစပ်တွေ့ရှိရသည်။ ဟိုက်ဒရိုဂျင်၏ အသုံးအများဆုံး ဒြပ်ပေါင်းမှာ ရေ ($H_2O$) ဖြစ်ပြီး ကမ္ဘာ့မြေမျက်နှာပြင်၏ ၇၁ ရာခိုင်နှုန်းခန့်ကို ဖုံးအုပ်ထားသည်။ ဟိုက်ဒရိုဂျင်သည် သဘာဝဓာတ်ငွေ့ ($CH_4$)၊ အပင်များ၊ တိရစ္ဆာန်များနှင့် သင့်ခန္ဓာကိုယ်အတွင်း၌ပင် ရှိနေပါသည်။

ဟိုက်ဒရိုဂျင်သည် စကြဝဠာတစ်ခုလုံးတွင် အပေါများဆုံး ဒြပ်စင်ဖြစ်သည်။ အမှန်တစ်ကယ်တွင် သာမန်အရာအားလုံးတွင် ၇၅ ရာခိုင်နှုန်းလောက်က ဟိုက်ဒရိုဂျင်ပါ။ ဤဟိုက်ဒရိုဂျင်အများစုသည် ကြယ်များအတွင်း၌ရှိနေသည်။ ကျွန်ုပ်တို့၏ နေအပါအဝင် ကြယ်များသည် အဓိကအားဖြင့် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့၏ ဧရာမစက်လုံးများဖြစ်သည်။ ဤကြယ်များအတွင်း၌ နျူကလီးယားပေါင်းစပ်မှုဟုခေါ်သော ဖြစ်စဉ်တစ်ခု ဖြစ်ပွားသည်။ ပေါင်းစပ်မှုတွင် ဟိုက်ဒရိုဂျင်အက်တမ်များသည် ပြင်းထန်သော အပူနှင့်ဖိအားအောက်တွင် ဟီလီယမ်အက်တမ်များအဖြစ် ပေါင်းစပ်သည်။ ဤတုံ့ပြန်မှုသည် ကြီးမားသောစွမ်းအင်ပမာဏကို ထုတ်လွှတ်သောကြောင့် ကြယ်များသည် တောက်ပစွာလင်းလက်ပြီး အပူကိုထုတ်ပေးသည်။ ဟိုက်ဒရိုဂျင်မပါဘဲ၊ ကြယ်များနှင့် သက်ရှိများလုံးဝ မတည်ရှိနိုင်ပါ။

ကမ္ဘာပေါ်တွင် လူသားများသည် အရေးကြီးသောရည်ရွယ်ချက်များစွာအတွက် ဟိုက်ဒရိုဂျင်ကို အသုံးပြုကြသည်။ စက်မှုလုပ်ငန်းတွင် ဟိုက်ဒရိုဂျင်ကို အမိုးနီးယား(ဓာတ်မြေသြဇာအတွက်)မီသနော နှင့် အခြားဓာတုပစ္စည်းများ ထုတ်လုပ်ရန်အသုံးပြုသည်။ ဆာလ်ဖာကိုဖယ်ရှားပြီး လောင်စာအရည်အသွေးမြှင့်တင်ရန် ဆီသန့်စင်ရာတွင်လည်း အသုံးပြုပါသည်။ ဟိုက်ဒရိုဂျင်၏ နောက်ထပ်စိတ်လှုပ်ရှားဖွယ်အသုံးပြုမှုမှာ သန့်ရှင်းသော စွမ်းအင်ရင်းမြစ်တစ်ခုအနေဖြင့်ဖြစ်သည်။ ဟိုက်ဒရိုဂျင်ကို အထူးအင်ဂျင်များ(သို့မဟုတ်)လောင်စာဆီဆဲလ်များတွင် အသုံးပြုနိုင်ပြီး ကားများ၊ ဘတ်စ်ကားများနှင့် ဒုံးပျံများကိုပင် စွမ်းအင်ပေးနိုင်သည်။ ဟိုက်ဒရိုဂျင်သည် လောင်စာဆဲလ်တစ်ခုအတွင်း လောင်ကျွမ်းခြင်း(သို့မဟုတ်)ဓာတ်ပြုသောအခါ၊ ၎င်းသည် ကာဗွန်ဒိုင်အောက်ဆိုဒ် (သို့မဟုတ်) အခြားညစ်ညမ်းစေသောအရာများကို မထုတ်လွှတ်သောကြောင့် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော ထုတ်ကုန်တစ်ခုအနေဖြင့် ရေကိုသာ ထုတ်လုပ်သည်။

ဟိုက်ဒရိုဂျင်သည် စွဲမက်ဖွယ်သမိုင်းကြောင်းလည်းရှိသည်။ ၁၇၆၆ ခုနှစ်တွင် ဗြိတိသျှသိပ္ပံပညာရှင် Henry Cavendish သည် ဟိုက်ဒရိုဂျင်ကို ထူးခြားသောဒြပ်စင်အဖြစ် ပထမဆုံးအသိအမှတ်ပြုခဲ့ပြီး မီးလောင်လွယ်သောကြောင့် ၎င်းကို 'မီးလောင်လွယ်သောလေ'ဟု ခေါ်ဆိုခဲ့သည်။ နောက်ပိုင်းတွင် ပြင်သစ်ဓာတုဗေဒပညာရှင် Antoine Lavoisier က ဟိုက်ဒရိုဂျင်သည် လေထဲတွင် လောင်ကျွမ်းသွားသောအခါတွင် ရေကို ထုတ်လွှတ်သောကြောင့် ၎င်းကို ဂရိစကားမှ ဆင်းသက်လာသည့် ဟိုက်ဒရိုဂျင်ဟူသော စကားလုံးဖြင့် ခေါ်ဆိုခဲ့ကြသည်။ ဟိုက်ဒရိုဂျင်တွင် အိုင်ဆိုတုပ်

> အခန်းအပူချိန်တွင် ဟိုက်ဒရိုဂျင်သည် အရောင်မဲ့၊ အနံ့မရှိ၊ အရသာမရှိ၊ မီးလောင်လွယ်သော ဓာတ်ငွေ့ဖြစ်သည်။ ဓာတ်ငွေ့ကို သေးငယ်သော မော်လီကျူးများဖြင့် ဖွဲ့စည်းထားပြီး တစ်ခုစီတွင် ဟိုက်ဒရိုဂျင်အက်တမ် (Hz)နှစ်ခု ပေါင်းစပ်ထားသည်။ ဟိုက်ဒရိုဂျင်သည် လေထက် များစွာပေါ့ပါးသောကြောင့် ၎င်းသည် လျင်မြန်စွာမြင့်တက်လာပြီး အာကာသထဲသို့ပင် လွတ်မြောက်သွားနိုင်သည်။

အမျိုးအစား သုံးမျိုးရှိသည်။ ၎င်းတို့မှာ-

(၁) protium, mass (သဘာဝထဲတွင် ၉၉ ဒသမ ၉၈၅ ရာခိုင်နှုန်း)

(၂) deuterium,mass ၂ (၀ ဒသမ ၀၁၅ ရာခိုင်နှုန်း)

(၃) tritium, mass ၃(သဘာဝထဲတွင် သေးငယ်သော အစိတ်အပိုင်းအဖြစ်သာတွေ့ရှိရပြီး အမျိုးမျိုးသော အနုမြူဓာတ်ပြုခြင်းများကို ပြုလုပ်ပေးနိုင်သည်)

ဟိုက်ဒရိုတွင်ပါဝင်သည့် မော်လီကျူးတစ်လုံး၏ အလေးချိန်သည် ၂,၀၁၅၉၄ ဂရမ်ရှိသည်။ အပူချိန် 0C နှင့် လေထုဖိအား ၁ atm တွင် ၎င်းဓာတ်ငွေ့၏ သိပ်သည်းဆတန်ဖိုးသည် ၀ ဒသမ ၀၇၁ g/L ဖြစ်သည်။ ဟိုက်ဒရိုဂျင်သည် လောင်ကျွမ်းမှုအားအကောင်းဆုံး ဖြစ်သည်။ ဟိုက်ဒရိုဂျင်သည် ရေထက် အခြားသော အော်ဂဲနစ်ပျော်ရည်များတွင် အနည်းငယ်ပိုပြီး ပျော်ဝင်နိုင်သည်။ ဓာတ်သတ္တုအများစုသည် ဟိုက်ဒရိုဂျင်ကိုစုပ်ယူပါသည်။ ဥပမာအားဖြင့် ဟိုက်ဒရိုက်ကို Steel အား စုပ်ယူခြင်းမှ ကျွတ်ဆတ်သော Steel ကို ရရှိသည်။ ၎င်းကို ဓာတုဗေဒလုပ်ငန်းများတွင် လိုအပ်သော ကိရိယာတန်ဆာပလာအဖြစ် အသုံးပြုနိုင်သည်။ သာမန်အပူချိန်၌ ဟိုက်ဒရိုဂျင်သည် ဓာတ်ပြုလွယ်သော အရာတစ်ခု မဟုတ်ပေ။ ဓာတ်ကူပစ္စည်းတစ်ခုခု၏ အကူအညီအနေဖြင့်သော်လည်းကောင်း(သို့မဟုတ်)အပူချိန်မြင့်မားသည့်အခါ၌သော်လည်းကောင်း ဓာတ်ပြုမှုကောင်းမွန်ပါသည်။ Atomic ဟိုက်ဒရိုဂျင်သည် သာမန်အပူချိန်မှာပင် စွမ်းအားကောင်းသော ဓာတ်လျှော့ပစ္စည်းဖြစ်သည်။ သာမန်အပူချိန် သာမန်အခြေအနေတွင် နှေးကွေးသော်လည်း ဓာတ်ကူပစ္စည်း အကူအညီ (ဥပမာ- platinum, or an electric spark တစ်ခုခုဖြင့် ဓာတ်ပြုမှုအရှိန်ကိုမြှင့်တင်လျှင် ပြင်းထန်သည့် ပေါက်ကွဲမှုမျိုး(သို့) စွမ်းအင်ကို ဖြစ်ပေါ်စေသည်။

အချုပ်အားဖြင့်ဆိုရသော် ဟိုက်ဒရိုဂျင်သည် သန့်စင်သော စွမ်းအင်ထုတ်ပေးနိုင်သည်မှာမှန်သော်လည်း ပေါများစွာထုတ်လုပ်နိုင်ခြင်းမရှိသေးဘဲ လွယ်ကူစွာဖြန့်ဖြူးပေးနိုင်သည့်စနစ်မရှိခြင်းက အသုံးပြုရန် အခက်အခဲဖြစ်လျက်ရှိနေခြင်းဖြစ်သည်။ ယခုကဲ့သို့ ပိုက်လိုင်းကွန်ရက်ဖြင့်သာ ဖြန့်ဖြူးလာနိုင်မည်ဆိုလျှင် အသုံးပြုရန်များစွာလွယ်ကူလာပြီး အဓိကစွမ်းအင်တစ်ခုအနေဖြင့် ရပ်တည်နိုင်လာမည်ဖြစ်ပါကြောင်းရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား - Myanmar dawn facebook စာမျက်နှာမှ သတင်းများနှင့် Google မှ Wikipedia ။**

နော်ယဉ်ကျေး

## နာဂစိဗ္ဗာန်ပုန်းတလုတ်နတ်ရေကန်အား သာယာလှပစေရန် စုပေါင်းဆောင်ရွက်

**ပင်းတယ ဇူလိုင် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့လယ်ရှိ ရှေးဟောင်း သမိုင်းဝင် နာဂစိဗ္ဗာန် ပုန်းတလုတ် နတ်ရေကန်အား သန့်ရှင်းသာယာ လှပစေရေးအတွက် ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီတွင် ရေကန် အတွင်းရှိ အမှိုက်များအား မြို့နယ် စည်ပင်သာယာရေးဌာန ဝန်ထမ်း များက သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့သည်။




အဆိုပါ နာဂစိဗ္ဗာန်ပုန်းတလုတ် နတ်ရေကန် အမှိုက်ကင်းစေရန် သန့်ရှင်းရေးလုပ်ငန်းများကို မြို့နယ် စည်ပင်သာယာရေးဌာန ဝန်ထမ်း များက စုပေါင်းပိုင်းဝန်းဆောင် ရွက်ခဲ့ကြပြီး အမှိုက်သရိုက်များကို အမှိုက်သယ်မော်တော်ယာဉ်ဖြင့် တင်ဆောင်၍ အမှိုက်ကျင်းသို့ ပို့ဆောင်ပေးခဲ့သည်။

နာဂစိဗ္ဗာန်ပုန်းတလုတ်နတ် ရေကန်အတွင်းရှိ အမှိုက်သရိုက် ဖယ်ရှားပေးခြင်းနှင့် ရေကန်ပတ် ဝန်းကျင်သာယာလှပစေရေးလုပ် ငန်းများ၊ ဒေသနေပြည်သူများ ကောင်းမွန်စွာ ကျန်းမာရေးလေ့ ကျင့်ခန်းများ ဆောင်ရွက်နိုင်ရန် ရေကန်ပတ်လယ်လမ်းမများအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း များကို စီမံဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(၃၃၈)

## ကမ်းပြိုပြောင်းရွှေ့ပြည်သူများအား ထောက်ပံ့ပစ္စည်းများ လှူဒါန်းပေးအပ်

**ရေနံချောင်း ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီးအစိုးရ အဖွဲ့မှ ရေနံချောင်းမြို့နယ် ဧရာ ဝတီမြစ် ကမ်းပြိုကမ်းစားမှုကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ခဲ့ရ သည့် ပင်းဝကျွန်းကျေးရွာမှ ဘေး သင့်အိမ်ထောင်စု ၇၁ စုအား ထောက်ပံ့ငွေ၊ ထောက်ပံ့ပစ္စည်းနှင့် အစားအသောက်များ လှူဒါန်းပေး အပ်ပွဲကို ယမန်နေ့က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ သည်။

အခမ်းအနားတွင် မြို့နယ်စီမံ ခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက မကွေး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်း ညွှန်မှုဖြင့် ကမ်းပြိုဘေးသင့်ပြည်သူ များ စားဝတ်နေရေးအဆင်ပြေ စေရန်အတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများ လှူဒါန်းရခြင်းနှင့် ပတ် သက်၍ အမှာစကားပြောကြားပြီး တိုင်းဒေသကြီး(၁) လွှတ်တော် ကိုယ်စားလှယ် ဦးအောင်နိုင်ဝင်း က ကမ်းပြိုဘေးသင့်ပြည်သူများ အား အားပေးစကားပြောကြားခဲ့ သည်။

ထို့နောက် မကွေးတိုင်းဒေသ ကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် စုစုပေါင်းငွေကျပ် ၁၅၇၆၉၀၀ တန်ဖိုးရှိ တစ်လီတာရေသန့်ဘူး ၇၁ ကဒ်၊ ခေါက်ဆွဲခြောက် ၃၀ ဖာနှင့် ခေါက်ဆွဲကြော် ၇၁ ဘူး ကိုလည်းကောင်း၊ မြို့နယ်ဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီး ဌာနက အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် ၈၅၄၅၀၀၀ ကိုလည်းကောင်း၊ မြို့နယ်ကုသရေးနှင့် ကျန်းမာရေး ဦးစီးဌာနက ငွေကျပ် ၅ သိန်းရှိ ကျန်းမာရေးဆိုင်ရာ ဘက်စုံသုံး ဆေးဝါးများကိုလည်းကောင်း တိုင်းဒေသကြီး(၁)လွှတ်တော် ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဘေးသင့်ပြည် သူများလက်ဝယ်သို့ ထောက်ပံ့ လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရ သည်။

(အောက်ပုံ)

စိုးကြီး(ပြန်/ဆက်)




## ဒေသဝက်နှင့် ဒေသကြက်များအား အခမဲ့ဖြန့်ဖြူး

**မိုင်းကိုင် ဇူလိုင် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ် ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အတွက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပြည်ထောင်စု ရန်ပုံငွေဖြင့် ဖြန့်ဖြူးထောက်ပံ့ သော ဒေသဝက်နှင့်ဒေသကြက် ဖြန့်ဖြူးပေးအပ်ခြင်းကို ဇူလိုင် ၂၉ ရက် နံနက် ၁၀ နာရီက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ရုံး၌ ကျင်းပသည်။



အခမ်းအနားတွင် လွိုင်လင် ခရိုင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီး ဌာန ခရိုင်ဦးစီးမှူး ဒေါက်တာ အောင်ဆန်းလင်းက အဖွင့်အမှာ စကားပြောကြားပြီး မြို့နယ်ဦးစီး မှူး ဒေါက်တာအောင်ဇော်လင်း က ဒေသဝက်နှင့် ဒေသကြက် ထောက်ပံ့သည့် အကြောင်းအရာ များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဒေသဝက် ၁၀ ကောင်ကို မဟာတ် ကျေးရွာရှိ အိမ်ထောင်စု ၁၀ စု သို့ တစ်အိမ်ထောင်လျှင် တစ် ကောင်နှုန်း၊ ဒေသကြက်အကောင် ၅၀ ကို ဝမ်ဟွေအွမ်ကျေးရွာရှိ အိမ်ထောင်စု ၁၀ စုသို့ တစ်အိမ် ထောင်လျှင် ဒေသကြက်ထီး တစ်ကောင်နှင့် ဒေသကြက်မ လေးကောင်တို့ကို အခမဲ့ဖြန့်ဖြူး ထောက်ပံ့ပေးခဲ့ကြောင်း သိရ သည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## စာပေပညာ ကြိုးစားပါလေ လူငယ်တွေ

\- \- \- \- \- \- \- \- \- \- \- \- \- \- \- \-

* ငယ်ရွယ်ပျိုမြစ် ၊ အားမာန်သစ်ဝေ
တိုင်းချစ်လူငယ် ၊ မောင်ညီမယ်တို့
ရင်ဝယ်အသိ ၊ မြင်မရှိက
လှမ်းမည့်တက်လမ်း ၊ ခရီးကြမ်းလိမ့် ။

* အရာရာဆင်ခြင် ၊ ဉာဏ်မြော်မြင်၍
အသွင်တင့်စွာ ၊ အောင်မြင်ရာသည်
သေချာကျနု ၊ သုတ ရသ
စာဖတ်မှသာ ၊ ရရှိပါမည်
ဆိုရသည်တည်း ။

* အသိအလိမ္မာ ၊ ဉာဏ်ပညာနှင့်
စုံစွာစာပေ ၊ သိမြင်လေမှ
များထွေလောက ၊ လူ "မ,အ" ဟု
ပြောကြဆိုပေ ၊ မှတ်ကြလေ ။

* ဗဟုသုတ ၊ ပြည့်စုံကြလျှင်
တွေးဆရင့်ဉာဏ် ၊ မှားမှန်ခွဲခြား
အသိများ၍ ၊ လူသားကမ္ဘာ
ကျိုးပြုတာကြောင့် ၊ သူငါအများ
လွန်လေးစားမည် ၊ မှတ်သားတွေးသိ
စိတ်မှာ ရှိလော့ ။

* ဆက်ခါဆက်ခါ ၊ လေ့လာရှုမှတ်
အသိမြတ်တွေ ၊ စာပေမှာရှိ
တန်ဖိုးသိကာ ၊ ကြိုးစားပါလေ
လူငယ်တွေ ။

မြခြူးအိမ်(ကိုလေး)

## စပါးကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**ပွင့်ဖြူ ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုး ခဲ့သော စပါးဧကအားလုံး ရာနှုန်း ပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်သည်။

ပွင့်ဖြူမြို့နယ်တွင် နွေသီးနှံ စိုက်ပျိုးရာသီ၌ စပါး ဧက ၁၂၂၀၀ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုး ထားသော စပါးစိုက်ခင်းများကို ယခုနှစ် ဇွန်လမှ စတင်ရိတ်သိမ်း ခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ် ပြီး အထွက်နှုန်းမှာ တစ်ဧကလျှင် ၁၀၄ ဒသမ ဝ၆ တင်း ထွက်ရှိ သည်။

(၄၄၅)



## တစ်ချက်တည်း ကျင်းဝင်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဖွံ့ဖြိုးသစ်ကုမ္ပဏီ ရေတံခွန်တောင်ဂေါက်ကွင်းတွင် ဇူလိုင် ၂၉ ရက် နံနက် ၆ နာရီ မိနစ် ၂၀ က ဦးသန့်ဇင်ဦး(အထွေထွေမန်နေဂျာ၊ ရေတံခွန်တောင်ဂေါက်ကွင်း၊ ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက်)သည် အတူကစားဖော်များဖြစ်ကြသော ဦးဝင်းတင့်(ခ)ဦးတွတ်ပီ၊ DT နိုင်ဦး၊ ဦးမျိုးသန့်ဇော်(ခ)ဂျာကြီး၊ ဦးအာကာနှင့်အတူ ဂေါက်ရိုက်ကစားစဉ် (၁၄၈)ကိုက်ကွာဝေးသော ကျင်းအမှတ်(3)သို့ Taylormade-5 အကျားဂေါက်သီးအား Titleist AP-1 IRON-9 ဂေါက်တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။

(ကဆ)

# ကွမ်းခြံလွှထောင်(မြောက်)ဗလီ (သံလမ်း ဗလီ)အုပ်ချုပ်ရေး ဂေါပကအဖွဲ့ ဖွဲ့စည်းပြီးစီးကြောင်း အများသိစေရန် ကြေညာခြင်း

သံလမ်းဗလီ အုပ်ချုပ်ရေးဂေါပကအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာပါသည်။ မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ၈၄လမ်းနှင့် ၃၅လမ်းထောင့်ရှိ ကွမ်းခြံလွှထောင်(မြောက်) ဗလီ (သံလမ်း ဗလီ)ဝတ်ကျောင်းတော်သည်၊ ၂၀၁၅ ခုနှစ်၊ မတ်လ(၂၈)ရက်နေ့က ဖြစ်ပွားသော မြေငလျင်ဒဏ်သင့် ပျက်စီးသဖြင့် လုံးဝအပြီးတိုင် ဖြိုချဖျက်သိမ်းခဲ့ရပါသည်။ ဂျမာအတ်သားများ နမားဇ်ဝတ်ပြုရန် အခက်အခဲမရှိစေဖို့၊ ယာယီ ဝတ်ပြုဆောင် ဆောက်လုပ်ခဲ့ရပါသည်။

အဆိုပါ ဗလီဝတ်ကျောင်းတော်သည် လက်ရှိတွင် အုပ်ချုပ်သူမဲ့ ဖြစ်နေသည့်အပေါ် စဉ်ဆက်မပြတ် နမားဇ်ဝတ်ပြုနေကြသူများ စုစည်း၍ အဖွဲ့ဝင်(၉)ဦးဖြင့် ပါဝင်ဖွဲ့စည်းထားသော စီမံခန့်ခွဲမှုကော်မတီကို (၁၄-၇-၂၀၁၆)ရက်နေ့က ဖွဲ့စည်းခဲ့ပြီး ယခင် အဖွဲ့ဟောင်းထံမှ လွှဲပြောင်းပေးအပ်သည်များကိုလည်း၊ လက်ခံရရှိပြီးဖြစ်ပါသည်။ အဖွဲ့ဝင်(၉)ဦးပါ သံလမ်းဗလီ အုပ်ချုပ်ရေးဂေါပကအဖွဲ့သစ် ဖွဲ့စည်းပြီးကြောင်းကိုလည်း သက်ဆိုင်ရာ ရုံးဌာနများသို့ အသိပေးအကြောင်းကြား တင်ပြခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လက်ရှိဖွဲ့စည်းထားသော အဖွဲ့ဝင်(၉)ဦးပါ ကော်မတီက အများပိုင် သံလမ်းဗလီအဖြစ် ပြန်လည်တည်ဆောက်ရေး၊ ဗလီပိုင် ဝတ္တက ပစ္စည်းများ စီမံခန့်ခွဲရေး၊ ဗလီဂျမာအတ်သားများ စိတ်ချမ်းမြေ့သာယာစွာ သာသနာ့တာဝန်၊ ကျင့်ရန်/ကျဉ်ရန်များ ဆောင်ရွက်စီမံရေးအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပူးပေါင်းပါဝင်ဆောင်ရွက်လိုသူများ၊ ထောက်ပံ့လှူဒါန်းလိုသူများ တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာပါသည်။ လက်ရှိအနေအထားမှာ အသစ်စတင်ထူထောင်ဆောင်ရွက်ရမည့် အခြေအနေမျိုးဆိုက်ရောက်နေသဖြင့် သာသနာ့သောကရှိသူများ အားလုံး၏အကူအညီ လိုအပ်လျက်ရှိပါသည်။ လက်ရှိစီမံခန့်ခွဲမှု ကော်မတီဝင်စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | | |
|---|---|---|
| ၁။ | ဦးတင်စိုး | ဥက္ကဋ္ဌ |
| ၂။ | ဦးခင်မောင်တင် | ဒု-ဥက္ကဋ္ဌ |
| ၃။ | ဦးသန်းလွင် | အတွင်းရေးမှူး |
| ၄။ | ဦးဝင်းကိုကို | တွဲဖက်-အတွင်းရေးမှူး |
| ၅။ | HJ ဦးစိုးမင်းအောင် | ဘဏ္ဍာရေးမှူး |
| ၆။ | ဦးညီညီထွေး | စာရင်းစစ် |
| ၇။ | HJ ဦးလှညွန့် | တွဲဖက်-စာရင်းစစ် |
| ၈။ | HJ ဦးအောင်ညွန့် | အဖွဲ့ဝင် |
| ၉။ | ဦးမြင့်မောင်မောင် | အဖွဲ့ဝင် |

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ရှေ့နေ ဦးခင်မောင်ဌေး (စဉ်-၂၂၉၀၈)**

**အဆောင်(၃၁)၊ အခန်း(၅)၊ ကျွဲဆည်ကန်ပွဲရုံတိုက်တန်း၊ ၇၅(စီ)လမ်းနှင့် ၇၅(ဒီ)လမ်းကြား၊ မြဝတီမင်းကြီးလမ်းသွယ် (၄)လမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၂၄၉၁၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ်(၄၈၇)၊ ဦးပိုင်အမှတ် (၁၄-ခ)၊ ဧရိယာ(၀ ဒသမ ၁၃၈၇)ဧက အကျယ်အဝန်းရှိ ဘိုးဘမြေကွက်မှာ ဦးလှမြင့် အမည်ပေါက်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ အရှေ့ဘက်အလယ်ခြမ်း ခဲစင်းပြ ဧရိယာ(၀ ဒသမ ၀၁၈၄)ဧက အကျယ်အဝန်းအား ရောင်းချခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်မိုးမိုး ဦး(ဘ)ဦးခင်မောင်ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးဝင်း(ဘ)ဦးချစ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်တင်ပြ၍ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သွယ်သွယ်လှိုင်(စဉ်/၉၄၃၆)**
**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(၂၅-က)၊ ၃၅(ဘီ)လမ်း၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၃၀၁၂၀၄၄၊ ၀၉-၆၆၉၉၇၄၇၀၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၃)၊ ဦးပိုင်အမှတ်(၅၆)၊ ဧရိယာ(၃၀×၄၅)ပေ အကျယ်အဝန်းရှိမြေကွက်မှာ ဦးမောင်မောင်လေး(ဘ)ဦးနွယ်(EMDY -၃၅၂၅၁၉)(၉/မရမ(နိုင်)၀၄၈၅၈၁)အမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အတွင်းမှ မြောက်ဘက်ခြမ်းဧရိယာ(၁၅×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်တစ်ခြမ်းနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နီလာရွှေ(ခ)လီလာဗတီ(ဘ) ဦးဟာရီခရစ်ရှ်နာ(ခ)အေးရွှေ(၉/မနတ(နိုင်)၀၀၇၄၇၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်တစ်ခြမ်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးသန်းရွှေ (B.A(Hist),H.G.P)　ဦးအောင်ဖြိုးမောင် (LL.B)　ဒေါ်နန်းဖြူဖြူအေး (B.Sc.PGDL)**

**အထက်တန်းရှေ့နေများ**

**၅၃လမ်းနှင့် ၁၁၀(A)လမ်းထောင့်၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိပ်တန်းကိုယ်ပိုင်အထက်တန်းကျောင်း Grade-6 မှ မရှင်းသန့်ကြယ်စင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးတေဇာအောင် ဖြစ်ပါသည်။

**ဦးတေဇာအောင်**
**(၉/အမဇ(နိုင်)၀၀၀၈၁၇)**

## မိဘအမည်မှန်

ရွှေဘိုမြို့နယ်၊ ပန်းရုံအခြေခံပညာအထက်တန်းကျောင်းခွဲ Grade-4 မှ မလင်းအိမ်မြင့်မိုရ်၏ မိဘအမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးလင်းနောင်နှင့် ဒေါ်ခိုင်သီတာထွန်းဖြစ်ပါကြောင်း။

**ဦးလင်းနောင်(၅/ရဘန(နိုင်)၁၃၄၄၁၀)**
**ဒေါ်ခိုင်သီတာထွန်း(၅/ရဘန(နိုင်)၁၂၈၂၅၁)**

## ပျောက်ဆုံးကြောင်း

ဒေါ်နှာစင်း(ဘ)ဦးကျဖ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကဟန(နိုင်)၀၁၈၇၁၇) ကိုင်ဆောင်သူ၏ Passport No- MA 912 484 သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဒေါ်နှာစင်း**
**ဖုန်း ၀၉-၂၅၆၅၄၅၉၉၅**

## အမည်မှန်

(ဘ)ဦးနိုင်ကိုကိုသိန်း၏ သား မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ သူရိန်နန်းကိုယ်ပိုင်အထက်တန်းကျောင်း Grade-4 မှ မောင်ထက်ဘုန်းယံ၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်ထက်ဘုန်းယံကိုကို ဖြစ်ပါကြောင်း။

**မောင်ထက်ဘုန်းယံကိုကို**

## မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း(မူလ)ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသောကြောင့် မြန်မာနိုင်ငံသားပြည်တွင်း ပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

| Lot | လုပ်ငန်းအမည် | မှတ်ချက် |
|---|---|---|
| ၁ | မဟာအောင်မြေခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး RC(၂)ထပ်(၈၄'×၈၅') ဆောက်လုပ်ခြင်း<br>၆၃ လမ်းနှင့် ၁၂၉ လမ်းထောင့်၊ (ဆ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ် | |
| ၂ | ချမ်းအေးသာစံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး RC(၄)ထပ် အသစ် (၃၂'×၅၅')ဆောက်လုပ်ခြင်း<br>၂၈ လမ်း၊ ၇၆ လမ်းနှင့် ၇၇ လမ်းကြား၊ ဟေမာဇလရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ် | |
| ၃ | ကျောက်ဆည်ခရိုင်စုပေါင်းရုံး RC(၂)ထပ်(၂၇၀'×၂၀၀'×၂၅')အသစ်ပြန်လည်တည်ဆောက်ခြင်း<br>ကြက်မင်းတွန်ရပ်ကွက်+အောက်ချိုင်းရပ်ကွက်၊ ကျောက်ဆည်မြို့ | |
| ၄ | တံတားဦးခရိုင်စုပေါင်းရုံး RC(၃)ထပ်(၁၃၆'×၈၇')အသစ်ဆောက်လုပ်ခြင်း၊<br>တံတားဦး-မြို့သာလမ်းဘေး၊ အမှတ်(၃)ရပ်ကွက်၊ တံတားဦးမြို့ | |

| | | | |
|---|---|---|---|
| ၂။ | တင်ဒါလျှောက်လွှာရောင်းချမည့်နေ့ရက်/အချိန် | - | ၂၉-၇-၂၀၁၆ ရက်မှ ၁၁-၈-၂၀၁၆ထိ ၁၀း၀၀နာရီမှ ၁၆း၀၀ နာရီအထိ |
| ၃။ | တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် | - | ၁၃-၈-၂၀၁၆ ရက်၊ ၁၆း၀၀ နာရီ |
| ၄။ | လျှောက်လွှာရောင်းချမည့်နေရာ | - | မန္တလေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| ၅။ | စာအိတ်(A)နှင့် (B)နောက်ဆုံးတင်သွင်းရမည့်ရက် | - | ၁၃-၈-၂၀၁၆ |
| ၆။ | Pre-bid Meeting ကျင်းပမည့်နေ့ရက်/အချိန် | - | ပြန်လည်ဆက်သွယ်အကြောင်းကြားပါမည်။ |
| ၇။ | အိတ်ဖွင့်တင်ဒါဖွင့်ပွဲကျင်းပမည့်နေ့ရက်/အချိန် | - | ပြန်လည်ဆက်သွယ်အကြောင်းကြားပါမည်။ |

၈။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ်(၀၂-၄၀၃၆၉၁၆၊ ၀၉-၄၃၀၃၅၀၅၅)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

